## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ (၁.၃.၂၀၁၂)ရက်နေ့တွင် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းတင်ပြခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းသော ၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၃၃(ခ)အရ ဥပဒေပြုရေးဆိုင်ရာကော်မတီက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပေးပါရန် ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းပို့သပါတယ်။ ကျွန်တော်ကတော့ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနု ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယနေ့ အစည်းအဝေးသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းထားတဲ့ ၂၀၁၂ ခုနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

## ၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ စိစစ်တင်ပြချက် အစီရင်ခံစာ

**နိဒါန်း**

၁။ ဤဥပဒေကြမ်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပြည်နယ်လွှတ်တော်အစည်းအဝေးသို့ တင်သွင်းခဲ့ပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက (၁.၃.၂၀၁၂)ရက်နေ့တွင် ဆွေးနွေးရန် ချိန်းဆို၍ ဤဥပဒေရေးဆွဲရေးကော်မတီသို့ ပေးပို့လာပါသည်။

၂။ ဥပဒေကြမ်းကို (၂၈.၁၂.၂၀၁၂)ရက်နေ့တွင် ဤကော်မတီက ဆွေးနွေးပြီး လေ့လာတွေ့ရှိချက်များကို စိစစ်သုံးသပ်ကာ သဘောထားမှတ်ချက် တင်ပြချက်တို့ကို အောက်ပါအတိုင်း အစီရင်ခံတင်ပြအပ်ပါသည်။

**လေ့လာတွေ့ရှိချက်များ**

၃။ ဥပဒေ၏ အဖွင့်၌ **“ ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်”** ဟူ၍ တွေ့ရှိရပါသည်။

၄။ ဥပဒေ၏ အခန်း(၂)၊ ပုဒ်မ ၂(က)တွင် **“ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်”** ဟူ၍ ဖော်ပြရေးသားထားသည်ကို တွေ့ရှိရပါသည်။

၅။ ဥပဒေကြမ်းသည် နောက်ထပ်ဘဏ္ဍာငွေ သုံးစွဲခွင့်ပြုချက်ရယူရန် လိုအပ်သည့် ပြည်နယ်အဆင့် ဌာန(၂)ခုအတွက် အသုံးစရိတ်တင်ပြချက်ဖြစ်ပါသည်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၆။ ရှမ်းပြည်နယ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၃(ခ)နှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၅၈ အရ နောက်ထပ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာကိစ္စကို လိုအပ်သော ဆွေးနွေးမှု ပြုလုပ်ပြီး ပုဒ်မ ၁၈၈ ပါ ဥပဒေပြုရန်ကိစ္စအလို့ငှာ ဇယား-၂(၁)(က)အရ ဘဏ္ဍာငွေအသုံးပြုရေး အတွက် ဥပဒေပြုခွင့်အာဏာကို ကျင့်သုံးခြင်းဖြစ်ပါသည်။

၇။ ဥပဒေကြမ်းမှာ သက်ဆိုင်ရာဌာန(၂)ခု၏ နောက်ဆက်တွဲ သုံးစွဲရန် လိုအပ်သည့် ငွေပမာဏကို အစိုးရအဖွဲ့က ဘတ်ဂျက်ရေးဆွဲရေးဌာနနှင့် ညှိနှိုင်းရေးဆွဲပြီး ငွေကြေးဆိုင်ရာအရအသုံးဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ပြုစုရေးဆွဲထားကြောင်း လေ့လာသုံးသပ်ရရှိပါသည်။

၈။ ဥပဒေ၏ အဖွင့်၌ ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေဟု ရေးသားသုံးနှုန်းမည့်အစား ရှမ်းပြည်နယ်လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဟု ရေးသားဖော်ပြသင့်ပါသည်။

၉။ ဥပဒေ၏ အခန်း(၂)၊ ပုဒ်မ ၂(က) ဖော်ပြချက်၌ **“ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်”**ဟု ဖော်ပြထားချက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းပါ အခန်း(၄)နှင့် အခန်း(၅)၌ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး ဟူသော အစီအစဉ်ကို ခြေပြု၍ ဥပဒေပြုခွင့်အာဏာကို ကျင့်သုံးပါသည်။ ပြည်နယ်လွှတ်တော်ကို ရှေ့၌ ဖော်ပြကာ နောက်မှ အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးရသည့် ပြည်နယ်အစိုးရအဖွဲ့ ဟူ၍ ပြင်ဆင်ဖော်ပြသင့်ပါသည်။

**အဆိုပြုတင်ပြချက်**

၁၀။ သို့ဖြစ်ပါ၍ ဥပဒေကြမ်း၏ ရေးသားဖော်ပြချက်တွင် အထက်ပါအရေးအသား(၂)ရပ်ကို အောက်ပါအတိုင်း-

(က) ဥပဒေ၏ အဖွင့်ကို "**ရှမ်းပြည်နယ်လွှတ်တော်က အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်"**

(ခ) ဥပဒေ ပုဒ်မ ၂(က)တွင် "**ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရအဖွဲ့"** ဟူ၍ ပြင်ဆင်ရေးသား သုံးနှုန်းသင့်ပါကြောင်း

ဤဥပဒေပြုရေးဆိုင်ရာကော်မတီမှ ထောက်ခံအဆိုပြုလျက် တင်ပြအစီရင်ခံအပ်ပါသည်။

ဥပဒေပြုရေးဆိုင်ရာကော်မတီ၊ ရှမ်းပြည်နယ်လွှတ်တော် ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်

## ၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၂ ခုနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးရန် အမည်စာရင်းတင်သွင်းခြင်းမရှိတဲ့အတွက် အစီအစဉ်အရ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ရှင်းလင်းဆွေးနွေးပေးပါရန် ဖိတ်ခေါ်အပ်ပါတယ်။

## ၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ရှင်းလင်းဆွေးနွေးခြင်း

**ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးနှင့် အခွန် ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းသည့် ၂၀၁၂ ခုနှစ် ရှမ်းပြည်နယ် ၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြု

ရေးဆိုင်ရာကော်မတီရဲ့ စိစစ်တင်ပြချက်အစီရင်ခံစာနှင့် အဆိုပြုတင်ပြချက်များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကိုယ်စား ပြန်လည်ဖြေရှင်းတင်ပြပေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီရဲ့ လေ့လာတွေ့ရှိချက်မှာ အချက် ( ၂)ချက်ရှိပါတယ်။ ပထမအချက်ကတော့ ၂၀၁၂ ခုနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းရဲ့ အဖွင့်၌ ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရကြောင်း၊ ဒုတိယအချက်အနေနဲ့ ဥပဒေ၏ အခန်း(၂)၊ ပုဒ်မ ၂၊ ပုဒ်မခွဲ(က)မှာလည်း **" ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်"** ဟူ၍ ဖော်ပြရေးသားထားသည်ကို တွေ့ရှိရပါကြောင်းနဲ့ ဤဥပဒေကြမ်းသည် နောက်ထပ်ဘဏ္ဍာခွဲဝေသုံးစွဲ ခွင့်ပြုချက်ရယူရန် လိုအပ်သည့် ပြည်နယ်အဆင့်ဌာန(၂)ခုအတွက် အသုံးစရိတ်တင်ပြချက်များဖြစ်ကြောင်း ဖော်ပြထားတာကို တွေ့ရှိရပါတယ်။

ကော်မတီရဲ့ သဘောထားမှတ်ချက်နဲ့ အဆိုပြုတင်ပြချက်နဲ့ ပတ်သက်ပြီး ရှင်းလင်းတင်ပြရမည်ဆိုလျှင် ပထမအချက်ဖြစ်သည့် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီအနေဖြင့် ဥပဒေ၏ အဖွင့်၌ **" ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်"** ဟု ရေးသားသုံးနှုန်းမည့်အစား **"ရှမ်းပြည်နယ်လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်"** ဟု ပြင်ဆင်သုံးနှုန်းသင့်ပါကြောင်း အဆိုပြုတင်ပြချက်နှင့်စပ်လျဉ်း၍ **"ဤဥပဒေ"** ဟူသော အသုံးအနှုန်းသည် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းရာတွင် သုံးနှုန်းသည့် ဥပဒေဝေါဟာရဋီကာတန်းတစ်ခုဖြစ်ဖြင်း၊ **"ဤဥပဒေ"** ဟူသော စကားရပ်သည် ဥပဒေတစ်ခုလုံးနှင့် အကျုံးဝင်သက်ဆိုင်ပြီး **"အောက်ပါဥပဒေ"** ဟူသော စကားရပ်သည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်သော အောက်ပါအချက်အလက်များနှင့်သာ သက်ဆိုင်သည်ဟု အဓိပ္ပာယ်သက်ရောက်စေသဖြင့် ဥပဒေပြဋ္ဌာန်းရာတွင် **"အောက်ပါဥပဒေ"** ဟူသော အသုံးအနှုန်းအား အသုံးပြုလေ့မရှိခြင်း၊ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သော ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေပြဋ္ဌာန်းရာတွင်လည်း ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဟု ဖော်ပြထားခြင်း၊ ၎င်းအပြင် ယခုဥပဒေကြမ်းအား ပြည်နယ်လွှတ်တော်သို့ မတင်သွင်းမီ ရှမ်းပြည်နယ်ဥပဒေချုပ်၏ သုံးသပ်အကြံပြုချက် ရရှိပြီးဖြစ်ခြင်းတို့ကြောင့် **"ဤဥပဒေ"** အစား **"အောက်ပါဥပဒေ"** ဟူသော စကားရပ်ဖြင့် ပြောင်းလဲ မသုံးနှုန်းသင့်ပါကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် တင်ပြအပ်ပါတယ်။

ဒုတိယအချက်ဖြစ်တဲ့ အဆိုပြုတဲ့ “ **ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်**”ဟူသော အစီအစဉ်မှ **“ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်”** စကားရပ် နှင့်ပတ်သက်၍ ဥပဒေပြုရေးဆိုင်ရာကော်မတီမှပင် ဥပဒေ၏ အခန်း(၂)၊ ပုဒ်မ ၂၊ ပုဒ်မခွဲ(က) ဖော်ပြချက်၌ “ **ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်** ”ဟု ဖော်ပြထားချက်ကို ဖွဲ့စည်းပုံအခြေခံ ဥပဒေပြဋ္ဌာန်းချက်ပါ အခန်း(၄)နဲ့ အခန်း(၅)၌ **“ဥပဒေပြုရေး၊ အုပ်ချုပ်ရေး”**ဟူသော အစီအစဉ်ကို အခြေပြုပြီး ဥပဒေအာဏာကို ကျင့်သုံးပါသည်။ ပြည်နယ်လွှတ်တော်ကို ရှေ့၌ ဖော်ပြကာ နောက်မှ အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးရသည့် ပြည်နယ်အစိုးရအဖွဲ့ဟူ၍ ပြင်ဆင်ဖော်ပြသင့်ပါကြောင်း အဆိုပြုတင်ပြချက်နှင့်ပတ်သက်၍ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သည့် ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ၌ အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးဆောင်ရွက်ရသည့် နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စု အစိုးရအဖွဲ့တို့အား ဦးစွာဖော်ပြပြီးမှ ဥပဒေပြုရေးအာဏာ ကျင့်သုံးသော လွှတ်တော်အား ဖော်ပြထားခြင်း၊ နိုင်ငံတော်သမ္မတရုံးမှ (၁၂.၇.၂၀၁၁)ရက်စွဲပါ စာအမှတ်၊ ၂၅(၁)/၇/သမ္မတရုံးဖြင့် ထုတ်ပြန်ထားသော ပြည်ထောင်စုအင်္ဂါစဉ် ဖော်ပြချက်၌လည်း အုပ်ချုပ်ရေး အာဏာကို အကောင်အထည်ဖော်ဆောင်ရွက်သော ပြည်ထောင်စုအစိုးရအဖွဲ့အား ဦးစွာဖော်ပြပြီးမှသာလျှင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် အစရှိသည့် အစဉ်အတိုင်း ဖော်ပြသတ်မှတ်ထားရှိပါသဖြင့် အဆိုပြုတင်ပြချက်ဖြစ်သော “ **ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရအဖွဲ့** ”ဟု ပြင်ဆင်ရေးသားသုံးနှုန်းရန် မသင့်ပါကြောင်းနှင့် ၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်း၏ မူလပါ အသုံးအနှုန်းအတိုင်းသာ သုံးနှုန်း ဖော်ပြသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ **( သြဘာသံများ )**

## ၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းအား ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်၏ ၂၀၁၂ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို အတည်မပြုမီ ဥပဒေကြမ်းပါ ပြင်ဆင်ရန် အဆိုပြုချက်ဇယားပါ အချက်အလက်(၂)ခုကို (၁)ချက်ချင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အမှတ်စဉ်(၁) အဖွင့်အပိုဒ်ပါ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ **"ရှမ်းပြည်နယ်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်"**ဟု ဖော်ပြပါရှိခဲ့ပြီး ဥပဒေပြုရေးဆိုင်ရာကော်မတီကတော့ **" ရှမ်းပြည်နယ်လွှတ်တော်သည် အောက်ပါဥပဒေ ပြဋ္ဌာန်းလိုက်သည်"**ဟု ဖော်ပြထားပါတယ်။ သို့သော်လည်းပဲ ရှမ်းပြည်နယ်အဖွဲ့အနေနဲ့ ပြန်လည်ပြီးတော့ ရှင်းလင်းတင်ပြချက်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့က အဆိုပြုပြဋ္ဌာန်းသည့် **"ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်"**ဆိုတဲ့ ရေးသားသုံးနှုန်းခြင်းကို သဘောတူ/မတူ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆန္ဒကို ရယူပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များ-

"သဘောတူပါသလားခင်ဗျား"

( ၃ ကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။)

"ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်" ဆိုတဲ့ အသုံးအနှုန်းသည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။ **( သြဘာသံများ )**

ဥက္ကဋ္ဌ။ အမှတ်စဉ်(၂)၊ အပိုဒ် ၂ (က)ပါ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပြဋ္ဌာန်းလိုက်တဲ့ စာသားအစီအစဉ်မှာ **" ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်"** ဖြစ်ပြီးတော့မှ ဥပဒေပြုရေးဆိုင်ရာကော်မတီအနေနဲ့ **"ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရအဖွဲ့"**ဆိုတဲ့ အသုံးအနှုန်းကို တင်ပြထားပါတယ်။ အဲဒီအသုံးအနှုန်း အစီအစဉ်နဲ့ပတ်သက်ပြီးတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြန်လည်ရှင်းလင်းချက်နှင့်တကွ **" ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်"**ဆိုတဲ့ အသုံးအနှုန်းကို သုံးစွဲသင့်ကြောင်း သဘောရပါတယ်။

ဒါကြောင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မူလအဆိုပြုပြဋ္ဌာန်းချက်ဖြစ်သည့် **" ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်"** အစီအစဉ်ကို လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆန္ဒကို ရယူပါ့မယ်။ ဒါကြောင့် ဤအစီအစဉ်ကို ပြည်နယ်လွှတ်တော်မှ -

"သဘောတူပါသလား ခင်ဗျား"

( ၃ ကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။)

သဘောတူတဲ့အတွက် စာသားအစီအစဉ်မှာ " ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်" ဆိုတဲ့ စာသားကို သဘောတူကြောင်း မှတ်တမ်းတင်အပ်ပါတယ်။ **( သြဘာသံများ )**

ဥက္ကဋ္ဌ။ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို ပြည်နယ်လွှတ်တော်က အတည်ပြုရန်အတွက် လွှတ်တော်ရဲ့ဆန္ဒကို ရယူမှာ ဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းအား အတည်ပြုရန် လွှတ်တော်က

"သဘောတူပါသလား ခင်ဗျား"

( ၃ ကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။)

သဘောတူတဲ့အတွက် ၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအား လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ **( သြဘာသံများ )**